**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

**ညွှန်ကြားချက်အမှတ် ၃ /၂၀၂၄**

**၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၂၄ ခုနှစ် မတ် လ ၈ ရက်)**

**ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်၊ ကျွဲ၊ နွားများကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု လျော့နည်းစေပြီး နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်တွင် ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card) ထုတ်ပေးရန် လျှောက်ထားခြင်း**

၂။ (က) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ကုန်သွယ်မှု မှန်ကန်မြန်ဆန်စေရေးအတွက် ကျွဲ၊ နွား ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ရရှိရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့ ပုံစံ-ကသ (၁) ဖြင့် လျှောက်ထားရမည်-

(၁) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မူရင်း၊

(၂) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်း၊

(၃) ကုမ္ပဏီ၌ တာဝန်ရှိသူဖြစ်ကြောင်း အထောက်အထား၊

(၄) ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ထားရှိ ဆောင်ရွက်မည်ဆိုပါက ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်။

(ခ) ဦးစီးဌာနသည် အပိုဒ်ခွဲ(က)အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ စိစစ်၍ ပြည့်စုံပါက လျှောက်ထားသူအား အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ကို ထုတ်ပေးရမည်။ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု မရှိပါက လျှောက်ထားသူအား ပြည့်စုံစွာဆောင်ရွက်စေရန် ညွှန်ကြားရမည်။ လျှောက်ထားသူက ပြည့်စုံစွာဆောင်ရွက်၍ ပြန်လည်လျှောက်ထားလာပါက အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card)ကို ထုတ်ပေးရမည်။

## ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့ရန်အတွက် မွေးမြူခြင်း

၃။ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် -

(က) ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် မိမိတင်ပို့လိုသည့် အကောင်အရေအတွက်အတိုင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော ခွင့်ပြုလက်မှတ်ရရှိထားသည့် မွေးမြူရေးခြံတွင် သင်းကွပ်ပြီးသည့် ကျွဲ၊ နွား အထီးများကို ၆ လကြိုတင်၍ ကိုယ်တိုင်မွေးမြူထားရှိရမည်။

(ခ) မိမိမွေးမြူထားသည့် ကျွဲ၊ နွား များကို ဦးစီးဌာနက သတ်မှတ်ထားသည့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံရမည်။

(ဂ) မိမိမွေးမြူထားသော ကျွဲ၊ နွား များကို စစ်ဆေးအတည်ပြု၍ တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပေးရန် အောက်ပါ စာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ ဦးစီးဌာနသို့ ပုံစံ-ကသ(၂) ဖြင့် လျှောက်ထားရမည်-

(၁) ကျွဲ၊ နွားများကို ကိုယ်တိုင်မွေးမြူထားခြင်းဖြစ်ကြောင်း ဝန်ခံချက် [ပုံစံ- ကသ (၃)]၊

(၂) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသော မွေးမြူရေးခြံလုပ်ငန်း ခွင့်ပြုလက်မှတ်(မိတ္တူ)။

(ဃ) အွန်လိုင်း (Online) စနစ်ဖြင့် လျှောက်ထားလိုပါက ဦးစီးဌာန၏အီးမေးလ်ဖြစ်သည့် oss@lbvd.services သို့မဟုတ် application@lbvd.services သို့ ပေးပို့ လျှောက်ထားရမည်။

၄။ (က) ဦးစီးဌာနသည် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ)အရ လျှောက်ထားလာမှုကို လက်ခံရရှိသည့်အခါ-

(၁) သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ စိစစ်၍ ပြည့်စုံပါက လျှောက်လွှာကို လက်ခံရမည်။ ပြည့်စုံမှု မရှိပါက လျှောက်ထားသူအား ပြည့်စုံစွာဆောင်ရွက်စေ၍ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၂) လျှောက်လွှာများကို လက်ခံပြီးပါက လျှောက်ထားသူ၏ ကျွဲ၊ နွားမွေးမြူထားရှိမှုနှင့်စပ်လျဉ်း၍ လျှောက်ထားရာတွင် ဖော်ပြထားသည့်အချက်အလက်များ နှင့် မြေပြင်အချက်အလက်များ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်နှင့် တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပေးရန် စစ်ဆေးရေးမှူးများဖြင့် ကွင်းဆင်း စစ်ဆေးစေရမည်။

(ခ) စစ်ဆေးရေးမှူးများသည် ကွင်းဆင်းစစ်ဆေး၍ ကျွဲ၊ နွားကောင်ရေ အတည်ပြုခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်အမှတ်အသား တပ်ဆင်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပြီးပါက စစ်ဆေးတွေ့ရှိချက်များကို ပုံစံ- ကသ (၄) တွင် ပြည့်စုံစွာဖြည့်စွက်၍ အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) ဦးစီးဌာနသည် အပိုဒ်ခွဲ(ခ)အရ တင်ပြချက်ကို ရရှိသည့်အခါ စိစစ်လက်ခံ၍ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အဆိုပါ ကျွဲ၊ နွားများကို အနည်းဆုံး ၆ လ မွေးမြူထားရှိရန် အကြောင်းကြားခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းစဉ် ပြီးမြောက်သည်အထိ အမှုတွဲများကို ထိန်းသိမ်းထားရှိခြင်းတို့ ဆောင်ရွက်ရမည်။

**ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများကို စုဆောင်းမွေးမြူရေးခြံသို့ သယ်ဆောင်ခြင်း**

၅။ ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် -

(က) ကျွဲ၊ နွားများကို မိမိမွေးမြူထားသည့်ကာလ အနည်းဆုံး ၆ လ ပြည့်မြောက်၍ အနည်းဆုံးအလေးချိန် ၃၀၀ ကီလိုဂရမ်ရှိသော သင်းကွပ်ပြီးသည့် ကျွဲ၊ နွားအထီးများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် အတွင်းရှိ ကျွဲ၊ နွား စုဆောင်းမွေးမြူရေးခြံသို့ သယ်ဆောင်ရမည်။

(ခ) ကျွဲ၊ နွားများ ပြည်တွင်းသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

**ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းစဉ်များ**

၆။ (က) ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန်လိုင်စင်လျှောက်ထားနိုင်ရေးအတွက် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွား စုဆောင်းမွေးမြူရေးခြံတွင် ထားရှိသော ပြည်ပသို့တင်ပို့မည့် ကျွဲ၊ နွားများနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်လွှာပုံစံ -ကသ (၅)ဖြင့် လျှောက်ထားရမည်။

(ခ) အွန်လိုင်း(Online)စနစ်ဖြင့် လျှောက်ထားလိုပါက ဦးစီးဌာန၏ အီးမေးလ်ဖြစ်သည့် oss@lbvd.services သို့မဟုတ် application@lbvd.services သို့ ပေးပို့လျှောက်ထားရမည်။

၇။ (က) ဦးစီးဌာနသည်အပိုဒ် ၆ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက-

(၁) သတ်မှတ်ချက်များနှင့်ပြည့်စုံမှု ရှိ မရှိ စိစစ်၍ ပြည့်စုံပါက လျှောက်လွှာကို လက်ခံရမည်။ ပြည့်စုံမှု မရှိပါက လျှောက်ထားသူအား ပြည့်စုံစွာဆောင်ရွက်စေ၍ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၂) ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊နွား စုဆောင်းမွေးမြူရေးခြံတွင် ထားရှိသော ပြည်ပသို့တင်ပို့မည့် ကျွဲ၊နွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံထားရှိမှုကို စစ်ဆေးခြင်း၊ တိရစ္ဆာန်အမှတ်အသား

တပ်ဆင်ခြင်း၊ ကျွဲ၊ နွားကောင်ရေ အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စစ်ဆေးရေးမှူးများဖြင့် ကွင်းဆင်းစစ်ဆေးစေရမည်။

(ခ) စစ်ဆေးရေးမှူးများသည် ကျွဲ၊ နွားများ၏ သွေးနမူနာပစ္စည်းရယူခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ပုံစံ-ကသ(၆)တွင် ဖြည့်စွက်ခြင်းတို့ဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ်၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်နှင့် မှတ်တမ်းဓာတ်ပုံများ ပူးတွဲ၍ အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) ဦးစီးဌာနသည် အပိုဒ်ခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဦးစီးဌာနရှိ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်မူရင်းကို ကုန်သွယ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ယင်းသဘောထားမှတ်ချက် မိတ္တူကို ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအားလည်းကောင်း အလုပ်လုပ်ရက် ၁၀ ရက်အတွင်း ထုတ်ပေးရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်သည် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်ကို ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ယင်းအလုပ်လုပ်ရက် ၁၀ ရက်အတွင်း ထုတ်ပေးရမည်။

၈။ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်ရရှိပါက ကုန်သွယ်ရေးဦးစီးဌာနသို့ပေးပို့ထားသော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် မိတ္တူနှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန်လိုင်စင် လျှောက်ထားရမည်။

(ခ) ပို့ကုန်လိုင်စင် ရရှိပါက ပို့ကုန်လိုင်စင် မိတ္တူကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ဂ) ပြည်ပသို့တင်ပို့မည့် ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွားစုဆောင်းမွေးမြူရေးခြံတွင် သတ်မှတ်ကာလအထိ ထားရှိပြီး၍ ခွာနာလျှာနာရောဂါကင်းရှင်းဇုန်အတွင်းရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း

[Animal Quarantine Station (AQS)]သို့ သယ်ဆောင်ရာတွင် ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးထားသော ပို့ကုန်လိုင်စင်မူရင်း၊ ဦးစီးဌာနက ထုတ်ပေးသည့် ထွက်ခွာခွင့် ပုံစံ[ပုံစံ-ကသ(၇)] တို့နှင့်အတူ ဦးစီးဌာနကသတ်မှတ်ထားသော ယာဉ်ဖြင့် သယ်ဆောင်ရမည်။ ယင်းသို့သယ်ဆောင်ရာတွင် ဦးစီးဌာနက သတ်မှတ်ထားသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းစစ်ဆေးရေးဂိတ်များတွင် ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ စစ်ဆေးမှုခံယူရမည်။

(ဃ) ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း[Animal Quarantine Station (AQS)]တွင် ဦးစီးဌာန၏ ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးမှုကိုခံယူ၍ သတ်မှတ်ကာလအထိ ထားရှိပြီးပါက ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးသော ပို့ကုန်လိုင်စင်မူရင်းနှင့် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်မူရင်းတို့ဖြင့် ဦးစီးဌာနက သတ်မှတ်ထားသော ယာဉ်ဖြင့် သတ်မှတ်ချိန်အတွင်း၊ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း သယ်ဆောင်၍ သတ်မှတ်ထားသော နယ်စပ်ထွက်ပေါက်မှသာ ပြည်ပသို့ တင်ပို့ရမည်။

၉။ (က) ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ ၎င်း၏ ကျွဲ၊ နွားများကို ကုန်သွယ်ဖက်နိုင်ငံအလိုက် သဘောတူညီထားသည့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွား စုဆောင်းမွေးမြူရေးခြံတွင် သတ်မှတ်ကာလအထိ ထားရှိပြီးဖြစ်ပါက ခွာနာလျှာနာရောဂါကင်းရှင်းဇုန်အတွင်းရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station (AQS)]သို့ သယ်ဆောင်နိုင်ရန် ဦးစီးဌာနက ထွက်ခွာခွင့်ပုံစံ[ပုံစံ-ကသ(၇)]ကို ထုတ်ပေးရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပြည်ပသို့တင်ပို့မည့် ကျွဲ၊ နွားများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း[Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိထားရှိစစ်ဆေးစေခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

**ကျွဲ၊ နွား တင်ပို့သူက လိုက်နာရမည့် စည်းကမ်းချက်များ**

၁၀။ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါတို့ကို လိုက်နာရမည် -

(က) ဦးစီးဌာနက ထုတ်ပေးသော ကျွဲ၊ နွား ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart Card) ရှိရမည်။

(ခ) ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် မိမိတင်ပို့လိုသည့် အကောင်အရေအတွက်အတိုင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသောခွင့်ပြုလက်မှတ်ရရှိထားသည့်ခြံတွင် သင်းကွပ်ပြီးသည့် ကျွဲ၊ နွားအထီးများကို အနည်းဆုံး ၆ လကြိုတင်၍ ကိုယ်တိုင်မွေးမြူထားရှိရမည်။

(ဂ) မွေးမြူထားသည့် ကျွဲ၊ နွားများကို ဦးစီးဌာနတွင် စစ်ဆေးအတည်ပြု၍ သတ်မှတ်ထားသော တိရစ္ဆာန်အမှတ်အသား တပ်ဆင်မှုကို ခံယူရမည်။

(ဃ) မိမိ၏ ကျွဲ၊ နွားများကို သတ်မှတ်ထားသော တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအား ခံယူရမည်။

(င) မိမိ၏ ကျွဲ၊ နွားများကို ရောဂါစစ်ဆေးနိုင်ရန်အတွက် နမူနာပစ္စည်းရယူခြင်းကို ခံယူရမည်။

(စ) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အနည်းဆုံး ၆ လ မွေးမြူထားရှိရန် ပြည်တွင်းဝယ်ယူစုဆောင်းခြင်းနှင့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊နွားစုဆောင်းမွေးမြူရေးခြံသို့ သယ်ဆောင်ရာတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်ထားသော ကျွဲ၊ နွားများ ပြည်တွင်းသယ်ဆောင်ခြင်းဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

(ဆ) ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း[Animal Quarantine Station (AQS)]သို့ သယ်ဆောင်ချိန်ထိ ကျွဲ၊ နွားစုဆောင်းမွေးမြူရေးခြံ အတွင်းတွင်သာ ထားရှိရမည်။

(ဇ) ပို့ကုန်လိုင်စင်ရရှိပြီးပါက ဦးစီးဌာနသို့ ပို့ကုန်လိုင်စင် မိတ္တူပေးပို့ရမည်။

(ဈ) မိမိ၏ ကျွဲ၊နွားများကို အကြောင်းတစ်စုံတစ်ရာကြောင့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွား စုဆောင်းမွေးမြူရေးခြံမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း[Animal Quarantine Station (AQS)]သို့ သယ်ဆောင်နိုင်ခြင်းမရှိပါက ဦးစီးဌာနသို့သတင်းပေးပို့၍ ဦးစီးဌာနကညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ည) မိမိ၏ ကျွဲ၊နွားများကို ဦးစီးဌာနက သတ်မှတ်ထားသည့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း[Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိထားရှိ၍ ဦးစီးဌာန၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဋ) ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများတွင် တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားပါက ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဌ) ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းစဉ် မပြီးဆုံးမီ ကာလအတွင်း မူလတပ်ဆင်ထားသော တိရစ္ဆာန်အမှတ်အသား ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း စသည်တို့ ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ သတင်းပို့ရမည်ဖြစ်ပြီး သတင်းပို့ရန်ပျက်ကွက်ပါက ကုန်သွယ်မှုအတွက် ဆောင်ရွက်ထားသည့်အချက်များ ပျက်ပြယ်စေရမည်။

(ဍ) ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(ဎ) ဦးစီးဌာနက ကျန်းမာရေးစစ်ဆေးပြီး သတ်မှတ်ခွင့်ပြုထားသည့် ကောင်ရေအတိုင်း သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးက ထုတ်ပေးသောခွင့်ပြုလက်မှတ် ရရှိထားသည့်ခြံတွင် အနည်းဆုံး ၆ လ ကြိုတင်မွေးမြူထားရှိပြီး အနည်းဆုံးအလေးချိန် ၃၀၀ ကီလိုဂရမ်နှင့်အထက်ရှိသော သင်းကွပ်ပြီးသည့် ကျွဲ၊ နွားအထီးများကိုသာ တင်ပို့ရမည်။

(ဏ) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရန် သယ်ဆောင်ရာတွင် ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးသော ပို့ကုန်လိုင်စင်မူရင်း၊ ညွှန်ကြားရေးမှူးချုပ်ကထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် မူရင်းတို့ဖြင့် ဦးစီးဌာနက သတ်မှတ်ထားသော ယာဉ်ဖြင့်သတ်မှတ်ချိန်အတွင်း၊ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း သယ်ဆောင်၍ သတ်မှတ်ထားသော နယ်စပ်ထွက်ပေါက်မှသာ ပြည်ပသို့ တင်ပို့ရမည်။

(တ) ကျွဲ၊ နွားများကိုသယ်ဆောင်ရာတွင် တိရစ္ဆာန်များ သက်သောင့်သက်သာစွာနေထိုင်စားသောက်နိုင်ရေး (Animal Welfare)ဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိရမည်။

(ထ) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် သက်တမ်းအတွင်း ပြည်ပသို့ တင်ပို့ရန်နှင့် သက်တမ်းကာလအတွင်း တင်ပို့နိုင်ခြင်း မရှိပါက အဆိုပါထောက်ခံချက်လက်မှတ်ပျက်ပြယ်မည်။

၁၁။ ကျွဲ၊နွားများကို ပြည်ပသို့တင်ပို့ရန် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ရရှိသူသည် ဤညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၃၇အရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၄ ( ၀၄၂ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ် လ ၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)

ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)

မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများ သိစေရန်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဦးစီးဌာန/တက္ကသိုလ်များ(အားလုံး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်များ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဌာနခွဲမှူးများ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မျှောစာတွဲ

လက်ခံစာတွဲ

ပုံစံ – ကသ(၁)

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ကျွဲ၊ နွားကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်(SMART Card)သုံးစွဲခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားခြင်း**

ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရာတွင် ကျွဲ၊ နွား ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (Smart card) အသုံးပြုနိုင်ရေးအတွက် အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်–

၁။ **ကုမ္ပဏီမှ အသုံးပြုလိုသူ**

(က) လက်မှတ် ..........................................
(ခ) အမည်၊ ရာထူး ..........................................
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................
(ဃ) ကုမ္ပဏီအမည် ..........................................
(င) ဆက်သွယ်ရန်လိပ်စာ ..........................................
ဖုန်း ..........................................
အီးမေးလ် ..........................................

၂။ **ကုမ္ပဏီမှ ကိုယ်စားလှယ် (Agent)**

(က) လက်မှတ် ..........................................
(ခ) အမည် ..........................................
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................
(ဃ) ဆက်သွယ်ရန်လိပ်စာ ..........................................
ဖုန်း ..........................................
အီးမေးလ် ..........................................

၃။ **အထက်ပါအချက်များ မှန်ကန်ကြောင်း ကုမ္ပဏီမှ တာဝန်ယူပါသည်–**

(က) လက်မှတ် ..........................................
(ခ) ကုမ္ပဏီတာဝန်ခံပုဂ္ဂိုလ် ..........................................
(ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................
(ဃ) ကုမ္ပဏီအမည် ..........................................
(င) ဆက်သွယ်ရန်လိပ်စာ ..........................................
ဖုန်း ..........................................
အီးမေးလ် ..........................................

ပူးတွဲလျှက် – အောက်ပါအချက်များတင်ပြအပ်ပါသည် –

၁။ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မူရင်း
၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်း
၃။ ကုမ္ပဏီ တာဝန်ရှိသူဖြစ်ကြောင်း အထောက်အထား
၄။ ကိုယ်စားလှယ်ထားရှိ ဆောင်ရွက်မည်ဆိုပါက ကိုယ်စားလှယ်အဖြစ်လွှဲအပ်ကြောင်း ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်။

ပုံစံ -ကသ (၂)

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ပြည်ပသို့တင်ပို့ရန် ကိုယ်တိုင်မွေးမြူထားသော ကျွဲ၊ နွားများကို စစ်ဆေးအတည်ပြု၍ တိရစ္ဆာန်အမှတ်အသား တပ်ဆင်ပေးနိုင်ပါရန် လျှောက်ထားခြင်း**

၁။ **လျှောက်ထားသူ**

(က) အမည်နှင့် ..........................................
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................

(ခ) ကုမ္ပဏီအမည် ..........................................

(ဂ) နေရပ်လိပ်စာအပြည့်အစုံ ..........................................

(ဃ) ဖုန်း၊ အီးမေးလ် ..........................................

(င) ကျွဲ၊ နွားကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (SMART Card) အမှတ် ..........................................

၂။ **ကိုယ်တိုင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု**

(က) ကိုယ်တိုင်မွေးမြူရေးဆိုင်ရာအချက်အလက်များ

| **မွေးမြူရေးခြံတည်ရှိရာနေရာ** | | **မွေးမြူထားသည့်တိရစ္ဆာန်နှင့် အရေအတွက်** | | **မှတ်ချက်** |
|---|---|---|---|---|
| **မြို့နယ်** | **ကျေးရွာ** | **ကျွဲ** | **နွား** | |
| .................. | .................. | .................. | .................. | |
| .................. | .................. | .................. | .................. | |
| စုစုပေါင်း | | | | |

(ခ) မွေးမြူရေးခြံလုပ်ငန်းခွင့်ပြုလက်မှတ်ရရှိမှုရက်စွဲ..........................................
ကုန်ဆုံးမည့်ရက်စွဲ..........................................

၃။ ဖော်ပြပါအချက်များမှန်ကန်ကြောင်းဝန်ခံပါသည်။

(လျှောက်ထားသူလက်မှတ်)
အမည် ..........................................
လိပ်စာ ..........................................

(မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရန်)

ရုံးတံဆိပ်

(မြို့နယ်ဦးစီးဌာနမှူးလက်မှတ်)
အမည် ..........................................
ပေးပို့သည့်ရက်စွဲ..........................................

ပူးတွဲ - မွေးမြူရေးခြံလုပ်ငန်း ခွင့်ပြုလက်မှတ် မိတ္တူ

ပုံစံ -ကသ (၃)

## ကျွဲ၊နွားများကို ကိုယ်တိုင်မွေးမြူခြင်းအတွက် ဝန်ခံချက်

ကိုယ်တိုင်မွေးမြူရေးလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှု-

၁။ **လုပ်ငန်းရှင်ဆိုင်ရာ အချက်အလက်များ**

(က) အမည်နှင့် ..........................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................................

( ခ ) ကုမ္ပဏီအမည် ..........................................................

( ဂ ) အမြဲတမ်း နေရပ်လိပ်စာ ..........................................................

ဖုန်း ..........................................................

အီးမေးလ် ..........................................................

၂။ **မွေးမြူရေးဆိုင်ရာ အချက်အလက်**

(က) **မွေးမြူရေးခြံ**

(၁) ခြံလိပ်စာ ..........................................................

(၂) မွေးမြူရေးခြံလုပ်ငန်းခွင့်ပြုလက်မှတ်

သက်တမ်း ကုန်မည့်ရက်စွဲ..........................................................

(၃) မြေပိုင်ဆိုင်မှု ....................ကိုယ်ပိုင်..................ငှားရမ်း............................

(ခ) **တိရစ္ဆာန်**

(၁) ကိုယ်တိုင်မွေးမြူ ထားရှိပါသည်။

(၂) တိရစ္ဆာန်အရေအတွက် - ကျွဲ( )ကောင်၊ နွား( )ကောင်

၃။ **စီမံဆောင်ရွက်မှု**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စီမံဆောင်ရွက်ပါမည်။

၄။ **ဝန်ခံချက်**

အထက်ဖော်ပြပါအချက်များအားလုံးမှန်ကန်ကြောင်း ဝန်ခံပါသည်-

လက်မှတ် ..................................

အမည် ..................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..................................

ရက်စွဲ ..................................

ပုံစံ-ကသ(၄)

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **ကျွဲ၊နွားများကို ပြည်ပသို့တင်ပို့ရန် ကိုယ်တိုင်မွေးမြူခြင်းအတွက် စစ်ဆေးပြီးစီးမှုနှင့် တိရစ္ဆာန်အမှတ်အသား တပ်ဆင်ပြီးစီးမှုတင်ပြခြင်း**

ရည် ညွှန်း ချက် ။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ ( - - ) ရက်စွဲပါစာအမှတ်၊.........................................................စစ်ဆေးမိန့်

၁။ လျှောက်ထားသူ

(က) အမည်နှင့် ............................................
နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ............................................
(ခ) ကုမ္ပဏီအမည် ............................................
(ဂ) နေရပ်လိပ်စာအပြည့်အစုံ ............................................
(ဃ) ဖုန်း၊ အီးမေးလ် ............................................
(င) တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပြီးကျွဲ၊နွားအထိန်းကောင်ရေ ............................................

၂။ ကိုယ်တိုင်မွေးမြူခြင်းအတွက် မွေးမြူရေးခြံ

| | | |
|---|---|---|
| (က) | မွေးမြူရေးခြံလုပ်ငန်းခွင့်ပြုလက်မှတ်အမှတ် | သက်တမ်းကုန်ရက်စွဲ |
| | (၁)........................................... | ............................................... |
| | (၂)........................................... | ............................................... |
| | (၃)........................................... | ............................................... |
| (ခ) | မွေးမြူရေးခြံအထောက်အထား | အခြားနည်းသုံးစွဲခွင့်ရပြီး/ လျှောက်ထားဆဲ/ (ငှားရမ်းထားရှိ) |

၃။ မွေးမြူရေးစစ်ဆေးမှု

| စဉ် | ခြံတည်နေရာ | | ကျွဲ | | နွား | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | မြို့နယ် | ကျေးရွာ | တင်ပြချက် | တွေ့ရှိချက် | တင်ပြချက် | တွေ့ရှိချက် | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| စုစုပေါင်း | | | | | | | |

၄။ ဆောင်ရွက်ချက်

သတ်မှတ်ချက်နှင့် ပြည့်စုံသော ကျွဲ၊ နွား ( )ကောင်အား မိုက်ခရိုချစ်ပ်၊ နားကပ် (Microchip,Eartag) တပ်ဆင်ပြီးဖြစ်၍ အသေးစိတ်ကို နောက်ဆက်တွဲပုံစံ-ကသ (၄)(က)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

(က) တပ်ဆင်ရက်စွဲ - ( - - )ရက်မှ ( - - )ရက်ထိ
(ခ) ခြံတည်နေရာ - (၁)......................မြို့နယ် ......................ရပ်ကွက်/ကျေးရွာ
(၂)......................မြို့နယ် ......................ရပ်ကွက်/ကျေးရွာ
(၃)......................မြို့နယ် ......................ရပ်ကွက်/ကျေးရွာ
(ဂ) မိုက်ခရိုချစ်ပ်၊ နားကပ် (Microchip,Eartag)အမှတ် - ..........................မှ .......................... ထိ
(ဃ) ပျက်စီး မိုက်ခရိုချစ်ပ်၊ နားကပ် (Microchip,Eartag) - ( )ခု၊ မိုက်ခရိုချစ်ပ်၊ နားကပ်အမှတ်...............................
(င) ထိုးနှံထားသော ကာကွယ် ဆေး အမျိုးအစား - ..........................................................................
..........................................................................

အဖွဲ့ခေါင်းဆောင် အဖွဲ့ဝင် အဖွဲ့ဝင်

ပူးတွဲ-

(၁) ကျွဲ၊ နွားတစ်ကောင်ချင်း အသေးစိတ်မှတ်တမ်း (ပုံစံ-ကသ(၄)(က))
(၂) မှတ်တမ်းဓာတ်ပုံ

ပုံစံ – ကသ(၄)(က)

……….……………………………ကုမ္ပဏီအတွက် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးအတည်ပြု၍ တိရစ္ဆာန် အမှတ်အသား တပ်ဆင်ပြီးသည့် ကျွဲ၊နွားတစ်ကောင်ချင်း အသေးစိတ်မှတ်တမ်း

| စဉ် | မိုက်ခရိုချစ်ပ်၊ နားကပ် (Microchip,Eartag) အမှတ် | မျိုး | အရောင် | ဦးချို(လက္ခ) | ခန့်မှန်းအသက် | ကိုယ်အလေးချိန် ကီလိုဂရမ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ပုံစံ -ကသ(၅)

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **ကျွဲ၊ နွားစုဆောင်းမွေးမြူရေးခြံတွင် ထားရှိသော ပြည်ပတင်ပို့မည့် ကျွဲ၊နွားများနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် ထုတ်ပေးနိုင်ပါရန် လျှောက်ထားခြင်း**

၁။ **လျှောက်ထားသူ**

(က) အမည် ..........................................................................
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..........................................................................
(ဂ) နေရပ်လိပ်စာအပြည့်အစုံ ..........................................................................
(ဃ) ဆက်သွယ်ရန် ဖုန်း ..........................................................................
အီးမေးလ် ..........................................................................
(င) ကျွဲ၊နွားကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (SMART Card) အမှတ် ..........................................................................

၂။ **ကုမ္ပဏီ**

(က) အမည် ..........................................................................
(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် ..........................................................................
(ဂ) လိပ်စာအပြည့်အစုံ ..........................................................................
(ဃ) ဆက်သွယ်ရန် ဖုန်း ..........................................................................
အီးမေးလ် ..........................................................................

၃။ **ကိုယ်တိုင်မွေးမြူရေးလုပ်ငန်း စစ်ဆေးအတည်ပြုပြီးသည့်ကောင်ရေမှာ ကျွဲ ( )ကောင်၊နွား( )ကောင် ဖြစ်ပါသည်။**

၄။ **ပြည်ပသို့ ကျွဲ၊နွား တင်ပို့ခြင်းဆိုင်ရာ အချက်အလက်များ**

(က) တင်ပို့ပြီးကျွဲ၊နွားကောင်ရေ - ကျွဲ ( )ကောင်၊ နွား ( )ကောင်
(ခ) အကြိမ်အရေအတွက် - ကြိမ်( )
(ဂ) ယခုတင်ပို့မည့်ကျွဲ၊နွားကောင်ရေ (ကျွဲ၊ နွား စုဆောင်း မွေးမြူရေးခြံတွင် စုဆောင်းပြီး) - ကျွဲ ( )ကောင်၊ နွား ( )ကောင်

၅။ **ဇုန်အတွင်းရှိကျွဲနွားစုဆောင်းမွေးမြူရေးခြံတည်ရှိမှု**

(က) စုဆောင်းမွေးမြူရေးခြံလိပ်စာ - ..........................................................
(ခ) စုဆောင်းမွေးမြူရေးခြံခွင့်ပြုလက်မှတ် ထုတ်ပေးရက်စွဲ - ..........................................................
(ဂ) စုဆောင်းမွေးမြူရေးခြံခွင့်ပြုလက်မှတ် သက်တမ်းကုန်ဆုံးရက်စွဲ - ..........................................................

လျှောက်လွှာပါ အချက်အလက်များနှင့် ပူးတွဲတင်ပြသော အချက်အလက်များ ပြည့်စုံမှန်ကန်ကြောင်း ဝန်ခံပါသည်။

( လျှောက်ထားသူလက်မှတ်)
အမည် ..................................................
မှတ်ပုံတင်အမှတ် ..................................................

ပုံစံ – ကသ(၆)

သို့

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **ပြည်ပတင်ပို့မည့် ကျွဲ၊နွားများအား ကျန်းမာရေးစစ်ဆေးပြီးစီးကြောင်း အစီရင်ခံတင်ပြခြင်း**

ရည် ညွှန်း ချက် ။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ ( - - ) ရက်စွဲပါစာ အမှတ်၊.......................................................

အထက်ရည်ညွှန်းပါစာအရ.......................................မြို့နယ်၊...................................... ကုမ္ပဏီက ပြည်ပတင်ပို့မည့် ကျွဲ၊နွား စုစုပေါင်း( )ကောင်ကို ( )ရက်တွင် ကျန်းမာရေးစစ်ဆေး၍ တိရစ္ဆာန်အမှတ်အသားတပ်ဆင်ပြီးစီးကြောင်း အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

၁။ **လျှောက်ထားသူ**

(က) အမည်နှင့် ..............................................
နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ..............................................

(ခ) ကုမ္ပဏီအမည် ..............................................

(ဂ) ကျွဲ၊နွားကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ် (SMART Card) အမှတ် ..............................................

(ဃ) နေရပ်လိပ်စာအပြည့်အစုံ ..............................................

(င) ဆက်သွယ်ရန်လိပ်စာ ဖုန်း ..............................................
အီးမေးလ် ..............................................

၂။ **ကျွဲ၊နွားစုဆောင်းမွေးမြူရေးခြံ**

(က) စုဆောင်းမွေးမြူရေးခြံ ခွင့်ပြုလက်မှတ် အမှတ် - ..............................................................

(ခ) စုဆောင်းမွေးမြူရေးခြံသက်တမ်းကုန်ဆုံး ရက်စွဲ - ..............................................................

(ဂ) စုဆောင်းမွေးမြူရေးခြံလိပ်စာ - ..............................................................

၃။ **ကျွဲ၊နွားစစ်ဆေးခြင်း**

(က) ဖော်ပြသောကောင်ရေ - ကျွဲ( )ကောင်၊နွား( )ကောင်

(ခ) တွေ့ရှိကောင်ရေ - ကျွဲ( )ကောင်၊နွား( )ကောင်

(ဂ) ပယ်သည့်ကောင်ရေ - ( )ကောင်

(သိုး၊ မကျန်းမာ၊ အခြား)

(ဃ) ခွင့်ပြုသောကောင်ရေ - ကျွဲ( )ကောင်၊နွား( )ကောင်

၄။ **တိရစ္ဆာန်အမှတ်အသားတပ်ဆင်ခြင်း**

(က) မိုက်ခရိုချစ်ပ်၊နားကပ်(Microchip,Eartag)အမှတ်..........................မှ...........................ထိ( )ခု

( ခ ) သွေးနမူနာယူသည့် ကျွဲ၊ နွား( )ကောင်၏ မိုက်ခရိုချစ်ပ်၊နားကပ်(Microchip,Eartag) အမှတ်များ.....................................................................................................................
..........................................................................................................................

( ဂ ) ပျက်စီးမိုက်ခရိုချစ်ပ်၊နားကပ်(Microchip,Eartag) ( )ခု၊
မိုက်ခရိုချစ်ပ်၊နားကပ် (Microchip,Eartag)အမှတ်..............................မှ ..............................ထိ

**အဖွဲ့ခေါင်းဆောင်** **အဖွဲ့ဝင်** **အဖွဲ့ဝင်**

ပူးတွဲ

(၁) ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ်၊
(၂) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်၊
(၃) မှတ်တမ်းဓာတ်ပုံ။

ပုံစံ- ကသ(၇)

**ကျွဲ၊ နွားစုဆောင်းမွေးမြူရေးခြံမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ထွက်ခွာခွင့်ပုံစံ**

၁။ **ပိုင်ရှင်/ ကုမ္ပဏီအကြောင်းအရာ**

(က) ပိုင်ရှင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ............................................................

(ခ) ကုမ္ပဏီအမည်နှင့် မှတ်ပုံတင်အမှတ် - ............................................................

(ဂ) စုဆောင်းမွေးမြူရေးခြံလိပ်စာနှင့် - ............................................................
စုဆောင်းမွေးမြူရေးခြံခွင့်ပြုလက်မှတ်အမှတ် - ............................................................

(ဃ) ကျွဲ၊နွား ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်(SMART Card) အမှတ် - ............................................................

၂။ **တိရစ္ဆာန်အကြောင်းအရာ**

(က) တင်ပို့မည့်ကျွဲ၊နွားအရေအတွက် - ကျွဲထီး(          )ကောင်၊ နွားထီး(          )ကောင်

(ခ) မိုက်ခရိုချစ်ပ်၊နားကပ် (Microchip,Eartag) အမှတ် - ..............................မှ..............................ထိ

(ဂ) စုဆောင်းမွေးမြူရေးခြံသို့ ဝင်ရောက်သည့် ရက် - ............................................................

(ဃ) စုဆောင်းမွေးမြူရေးခြံမှ ထွက်ခွာသည့်ရက် - ............................................................

၃။ **ကျန်းမာရေးစစ်ဆေးမှု**

(က) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် အမှတ်စဉ် - ..............................မှ..............................ထိ

၄။ **ကုန်သွယ်မှုဆိုင်ရာအချက်အလက်**

(က) ကုန်သွယ်ရေးခွင့်ပြုချက်(ပို့ကုန်လိုင်စင်အမှတ်) - ............................................................

၅။ **ထားရှိမည့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station(AQS)] နှင့် သယ်ပို့မည့်လမ်းကြောင်း**

(က) ကျွဲ၊ နွားထားရှိမည့် **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း** [Animal Quarantine Station(AQS)] ............................................................

(ခ) သယ်ပို့မည့် လမ်းကြောင်း ............................................................

၆။ **တိရစ္ဆာန်သယ်ဆောင်သည့်ယာဉ်ဆိုင်ရာအချက်အလက်များ(တာဝန်ခံမှဖြည့်စွက်ရန်)**

| | | | | | |
|---|---|---|---|---|---|
| ယာဉ်အမျိုးအစား | | | | | |
| ယာဉ်အမှတ် | | | | | |
| ယာဉ်မောင်း | | | | | |
| မိုက်ခရိုချစ်ပ်၊နားကပ် (Microchip,Eartag) အမှတ် | | | | | |
| GPS အမှတ် | | | | | |

၇။ **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ထွက်ခွာမှုစစ်ဆေးခြင်း(တာဝန်ခံမှဖြည့်စွက်ရန်)**

(က) စစ်ဆေးသည့်ရက်…………………………………………………………………………

( ခ ) စစ်ဆေးသည့်အချိန်တွင် တွေ့ရှိသည့်ကောင်ရေ ကျွဲ(      )ကောင်၊ နွား(      )ကောင်

**တာဝန်ခံ**

လက်မှတ် - …………………………………………

အမည် - …………………………………………

ရာထူး - …………………………………………

**အဖွဲ့ခေါင်းဆောင်**

လက်မှတ် - …………………………………………

အမည် - …………………………………………

ရာထူး - …………………………………………

၈။ ကျန်းမာရေးစစ်ဆေးထားချက်အရ ကျွဲ၊နွားစုဆောင်းမွေးမြူရေးခြံမှ ထွက်ခွာပြီးနောက် မည်သည့် နေရာတွင်မှ တိရစ္ဆာန်များအား ချထားခြင်းမပြုရဘဲ …………………ရက်မှ …………………ရက်အတွင်း …………………… **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း** [Animal Quarantine Station(AQS)] သို့ ရောက်ရှိအောင် ပို့ဆောင် ရမည်။

ထုတ်ပေးသူ

**ရုံးတံဆိပ်**

လက်မှတ် - …………………………………………

အမည် - …………………………………………

ရာထူး - …………………………………………

၉။ **ယာဉ်ပြောင်းလဲအသုံးပြုရန် ခွင့်ပြုချက်**

ယာဉ်အမျိုးအစား……………………ယာဉ်အမှတ်………………………… မိုက်ခရိုချစ်ပ်၊ နားကပ်(Microchip, Eartag) အမှတ် ……………………………………………………………………………………………………

**ရုံးတံဆိပ်**

လက်မှတ် - …………………………………………

အမည် - …………………………………………

ရာထူး - …………………………………………